မင်းဗလုံး

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲမှု (၁)

၂၁ ရာစုအတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီးနောက် ကမ္ဘာသူကမ္ဘာသားတို့သည် သက်ဆိုင်ရာ အစိုးရများ၊ ပါလီမန်များ၊ နိုင်ငံရေးပါတီများ၊ တရားစီရင်ရေးစနစ်များ အပေါ်ယုံကြည်မှုလျော့နည်းလာကြပြီး ဘာသာရေးအဖွဲ့အစည်းများ၊တက္ကသိုလ်များနှင့်ပုံစံကျလုပ်ငန်းဌာနများအပေါ် ပိုမိုယုံကြည်လာခဲ့ကြသည်ဟုအပြည်ပြည်ဆိုင်ရာတွေ့ရှိချက်များကထောက်ပြနေပါသည်။ အစိုးရများအပေါ်ယုံကြည်စိတ်ချရမှုနည်းပါးခြင်းနှင့်ပတ်သက်၍ ဘာကြောင့်ဤသို့ဖြစ်ရသလဲ၊ ဘယ်လိုမြှင့်တင်နိုင်မလဲဆိုသည့် မေးခွန်းနှစ်ခုပေါ်ထွက်လာပါသည်။ ဤနေရာတွင် ယုံကြည်စိတ်ချရခြင်း၏အခန်းကဏ္ဍ (Role of trust)၊ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့်ဆက်ဆံမှုတို့အပေါ် လူထု၏ရှုမြင်မှုပုံစံသစ်သည် ရုတ်ခြည်းစဉ်းစားစရာဖြစ်လာခဲ့သည်။ အဆိုပါ စဉ်းစားသုံးသပ်ချက်များမှ ယုံကြည်စိတ်ချရမှုပြန်လည်တည်ဆောက်ခြင်းအတွက် နည်းလမ်းအသစ်များသည်လည်း ကွဲပြားခြားနားစွာ ပေါ်ထွက်လာခဲ့ပါသည်။

ယုံကြည်စိတ်ချရမှုလျော့နည်းခြင်း၏အကြောင်းအရင်းသည် တိုင်းပြည်အလိုက်၊ ဒေသအလိုက်မတူညီနိုင်ပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အားနည်းသောဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့်လုပ်ငန်းစဉ်များ၊ မလုံလောက်သောဝန်ဆောင်မှုနှင့်စီးပွားရေးအခွင့်အလမ်းများတို့ကြောင့် အစိုးရအပေါ်ယုံကြည်စိတ်ချရမှုကို ဆုတ်ယုတ်စေပါသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် တိုင်းသူပြည်သားတို့သည် သတင်းအချက်အလက်နှင့်ပညာရေး အဆင့်အတန်းတို့တွင် ပိုမိုကောင်းမွန်စွာရရှိနိုင်ကြသော်လည်း ပိုမိုပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် ပါဝင်ဆောင်ရွက်ခွင့်တို့အတွက် တောင်းဆိုလေ့ရှိကြသည်။ ထို့ကြောင့်ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အစိုးရများအပေါ် ယုံကြည်စိတ်ချရမှုသည် အစိုးရ၏မူဝါဒများအပေါ် လူထု၏ သဘောတူညီမှုနှင့် ပို၍ သက်ဆိုင်ပါသည်။

ကမ္ဘာ့လူဦးရေတိုးတက်လာခြင်း၊လူတစ်ဦးချင်းနှင့်အပြည်ပြည်ဆိုင်ရာချိတ်ဆက်မှုတိုးပွားလာခြင်းတို့ကြောင့် တစ်ဦးနှင့်တစ်ဦးသိနားလည်မှု အားပိုကောင်းလာစေပြီး တစ်ဦးအပေါ်တစ်ဦးမှီခိုအားထားခြင်းဖြင့် နှစ်ဦးနှစ်ဘက်အကျိုးကျေးဇူးပိုမိုရရှိလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာစေရန် တို့သည် ၂၁ ရာစုခေတ်၏ အဓိကစိန်ခေါ်မှုများဖြစ်လာကြပါသည်။တစ်ချိန်တည်းမှာပင် ဆင်းရဲနွမ်းပါးသူများအပါအဝင် ဘေးဖယ်ထားခြင်း ခံရသူများအား နိုင်ငံရေးလုပ်ငန်းစဉ်တွင် ဘယ်လိုပါဝင်လာအောင် ပြုလုပ်သွားကြမလဲဆိုသောအချက်သည် ဆက်စပ်မှု ရှိလာသော နောက်ထပ်စိန်ခေါ်မှုတစ်ခုဖြစ်ပေသည်။ ထို့အပြင် နိုင်ငံတစ်ခုအတွင်း ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် ဥပဒေချိုးဖောက်ခြင်းများသည် ဒေသတွင်းလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေပါသည်။ ထို့ကြောင့် အစိုးရများအပေါ် ယုံကြည် စိတ်ချရမှုတည်ဆောက်ခြင်းနှင့် လူမှုစီးပွားရေးဇာတ်ကောင်များအပေါ် ယုံကြည်စိတ်ချရမှုရှိစေခြင်း တို့သည် ဖွံ့ဖြိုးဆဲသာမက ဖွံ့ဖြိုးပြီးနိုင်ငံများအတွက်ပါ ပို၍အလေးထားရမည့် ကိစ္စတစ်ခုဖြစ်နေပါသည်။

ထို့ကြောင့်လူထုနှင့်အစိုးရအကြား၊ လူထုနှင့်ထိပ်ပိုင်းဇာတ်ကောင်များအကြား ပူးပေါင်းဆောင်ရွက်မှု နှင့် ပူးတွဲဆောင်ရွက်ရေး၏ အခြေခံဖြစ်သော ယုံကြည်စိတ်ချရမှုကို တိုးတက်ခိုင်မာလာစေရန် အတွက် မဟာဗျူဟာချမှတ်ဆောင်ရွက်ရေးကိစ္စသည် နိုင်ငံအားလုံးအတွက် မရှိမဖြစ်လိုအပ်ချက်ပင်တည်း။

## ယုံကြည်စိတ်ချနိုင်ရန် အဆုံးအဖြတ်ပေးသောအချက်များ

ယခုအခါနိုင်ငံများစွာတို့တွင် ပြည်သူလူထုသည် အစိုးရ၏ လုပ်ဆောင်ချက်များကိုပိုမိုမျှော်လင့်နေကြသည်။ အစိုးရများ၏ စွမ်းဆောင်ရည်နှင့် ပြည်သူလူထု၏ မျှော်လင့်ချက်အကြားတွင် ဖြစ်ပေါ်လာသော ကွာဟချက်သည် ယုံကြည်စိတ်ချရမှု ဟာကွက်ကို ကြီးထွားလာစေပါသည်။ ပြည်သူလူထု၏ မျှော်လင့်ချက်ကြီးမားလာခြင်းသည် ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၊ လွတ်လပ်ခွင့်ပိုမိုရရှိလာမှုနှင့် သတင်းဆက်သွယ်ရေး နည်းပညာတိုးတက်ပြောင်းလဲမှုတို့၏ ရလဒ်တစ်ခုပင်ဖြစ်ပါသည်။

ဤသဘောတရားနှင့်ဆက်စပ်၍ အာရှတိုက်၏နိုင်ငံအများအပြားတို့သည် လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်း၊ပုဂ္ဂလိကပိုင်ပြုလုပ်စေခြင်းစသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အများအပြားကို စတင်အကောင်အထည်ဖော်ခဲ့ကြသော်လည်းလုံလောက်သော စွမ်းဆောင်ရည်ခိုင်မာတောင့်တင်းမှု မရှိကြသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲမှုများစွာသည် လက်တွေ့လုပ်ဆောင်ရာတွင် အဆင့်အတန်းနိမ့်ကျလျက်ရှိပါသည်။ ဤအခြေအနေသည် ပိုမိုရှုပ်ထွေးခြင်း၊ ပိုမိုမှီခိုရခြင်းနှင့်အတူ အုပ်ချုပ်ရေးအပိုင်း၏ ဩဇာအာဏာကို အားနည်းသွားစေနိုင်ပါသည်။ ထို့ကြောင့် အုပ်ချုပ်ရေးအပိုင်းကစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ထင်သာမြင်သာရှိခြင်း၊ တာဝန်ယူမှုရှိခြင်း နှင့် အခြားလက်တွဲဖော်များနှင့် ပူးတွဲဆောင်ရွက်ရန် အသင့်ရှိခြင်းတို့လိုအပ်မည်ဖြစ်ပါသည်။

အစိုးရများအပေါ်ယုံကြည်စိတ်ချရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးမည်ဆိုလျှင် ရှေးဦးစွာ အဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်သည်အရည်အချင်းပြည့်မှီရန် လိုပါသည်။ ယုံကြည်စိတ်ချရခြင်းသည် ဘက်စုံထောင်စုံမှ လေ့လာသုံးသပ်ရသောအယူအဆဖြစ်ပါသည်။ မိမိနေထိုင်သော လူ့အဖွဲ့အစည်းအတွင်း တစ်စုတစ်ပေါင်းတည်း တည်ရှိနေသော တန်ဖိုးထားမှု၊ ဦးစားပေးမှုနှင့်ကွဲပြားခြားနားမှုတို့အပေါ် အများသဘောတူညီမှုဖြင့် လုံးဝဥဿုံလက်သင့်ခံနိုင်မှုတို့ကို ရည်ညွှန်းသောအယူအဆလည်းဖြစ်ပါသည်။ ယခုဆွေးနွေးမှုတွင် ယုံကြည်စိတ်ချရမှုကို အတိုင်းအတာ (၅)မျိုးဖြင့် လက်ခံစဉ်းစားကြရမည်ဖြစ်ပါသည်။ ၎င်းတို့မှာ ကိုယ်ကျင့်တရားဆိုင်ရာယုံကြည်စိတ်ချရမှု ၊ စီးပွားရေးဆိုင်ရာ ယုံကြည်စိတ်ချရမှု၊ နိုင်ငံရေးဆိုင်ရာယုံကြည်စိတ်ချရမှု၊ လူမှုရေးဆိုင်ရာယုံကြည်စိတ်ချရမှုနှင့် နည်းပညာပိုင်းဆိုင်ရာ ယုံကြည်စိတ်ချရမှု တို့ဖြစ်ပါသည်။ အစိုးရများအပေါ် ယုံကြည်စိတ်ချရမှုနှင့်ပတ်သက်၍ နောက်ထပ်အတိုင်းအတာ (၄)မျိုးထပ်ဆောင်း စဉ်းစားနိုင်ပါသည်။ ၎င်းတို့မှာ စေတနာ၊ လုပ်ရည်ကိုင်ရည်၊ လုပ်နည်းစနစ်နှင့် စွမ်းဆောင်ရည်ရှိမှုတို့ဖြစ်ပါသည်။

အစိုးရတစ်ရပ်အပေါ် ယုံကြည်စိတ်ချရမှုတိုးပွားခြင်း၊ ကျဆင်းခြင်းတို့နှင့်ပတ်သက်၍ အမျိုးအစား (၅)မျိုး ခွဲခြားနိုင်ပါသည်။ထိရောက်သောမူဝါဒနှင့် ကောင်းစွာအကောင်အထည်ဖော်နိုင်သော ယန္တရားများရှိခြင်းဖြင့် လူ့အဖွဲ့အစည်းအတွက်ရလဒ်ကောင်းများဖြစ်စေခြင်းသည်အစိုးရအပေါ်ယုံကြည်စိတ်ချမှုရရှိစေရန်ပထမဦးဆုံးအဆုံးအဖြတ်ပေးသည့် အချက်ဖြစ်ပါသည်။ တာဝန်ယူမှုရှိပြီး နိုးကြားတက်ကြွသော နိုင်ငံရေးခေါင်းဆောင်များပါဝင်ခြင်း သည် ဒုတိယအဆုံးအဖြတ်ပေးသည့်အချက်ဖြစ်ပါသည်။ပြည်သူလူထု၏ စီးပွားရေးတိုးတက်မှုနှင့်အခွင့်အလမ်းများ ရရှိစေခြင်းသည် အစိုးရအပေါ် ကြီးမားသောယုံကြည်စိတ်ချမှုဖြစ်စေရန် တတိယအဆုံးအဖြတ်ပေးပါသည်။ သန့်ရှင်းသော သောက်သုံးရေရရှိမှု၊ ရေဆိုးထုတ်စနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးအခြေအနေတို့သည် ပြည်သူလူထုကို တိုက်ရိုက် အကျိုးသက်ရောက်စေသောကိစ္စများဖြစ်၍ အစိုးရအပေါ်ယုံကြည်စိတ်ချရမှု ဖြစ်စေရန် စတုတ္ထ

အဆုံးအဖြတ်ပေးပါသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်ထိရောက်သော ရုံးလုပ်ငန်းစနစ်များသည် အပြည်ပြည်ဆိုင်ရာ နှင့် ပြည်တွင်းမူဝါဒများအရ ရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် အခြေခံကျ သောကြောင့် အစိုးရအပေါ်ယုံကြည်စိတ်ချရမှုတိုးပွားစေရန် အဆုံးအဖြတ်ပေးသော နောက်ဆုံးအချက်ဖြစ်ပါသည်။

## ကောင်းမွန်သော အုပ်ချုပ်ရေးနှင့်ယုံကြည်စိတ်ချရမှု

ကောင်းမွန်သောအုပ်ချုပ်ရေး (Good governance)ဆိုသည်မှာ လူထုအတွက်အကျိုးသက်ရောက်မှုရှိစေမည့် နိုင်ငံရေး၊ စီမံအုပ်ချုပ်မှု၊ စီးပွားရေးနှင့် လူမှုရေးဆုံးဖြတ်ချက်များကို ပြုလုပ်ရာတွင် အဓိကဇာတ်ကောင်များဖြစ်ကြသည့် နိုင်ငံတော်၊ လူထုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ အချင်းချင်း အပြန်အလှန် တုံ့ပြန်မှုပြုကြသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ နိုင်ငံတော်သည်နိုင်ငံရေးနှင့်တရားဥပဒေရေးရာ၊ ပတ်ဝန်းကျင်ကိုထောက်ကူနိုင်ရန်ဖန်တီးပေးသည်။လူထုအဖွဲ့အစည်းသည် နိုင်ငံရေးနှင့် လူမှုရေးရာအချင်းချင်း အကျိုးပြုမှုကိုပံ့ပိုးပေးသည်။ ပုဂ္ဂလိကကဏ္ဍသည် အလုပ်အကိုင်၊ ဝင်ငွေ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများထုတ်လုပ်ပေးသည်။ ကောင်းမွန်သော အုပ်ချုပ်ရေး၏ အနှစ်သာရသည် အဓိကဇာတ်ကောင်များ၏ အချင်းချင်းအပြန်အလှန်အကျိုးပြုမှုများကို အားကောင်းခိုင်မာစေခြင်းဖြစ်သည်။ ယင်းတို့၏ ဆက်ဆံမှုအခန်းကဏ္ဍများနှင့် စွမ်းရည်များကိုလည်း ဖွံ့ဖြိုးခိုင်မာစေခြင်းဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေး၏အပြည်ပြည်ဆိုင်ရာကလက်ခံထားသောအခြေခံသဘောတရားများဖြစ်ကြသည့်ပါဝင်ခြင်း၊တာဝန်ခံခြင်း၊ အခွင့်အလမ်းရရှိခြင်း၊ အကူအပံ့ရှိခြင်း၊ တရားမျှတခြင်း၊သက်ညှာခြင်း၊ထိရောက်မှုရှိခြင်း၊သာလွန်သောအရည်အချင်းရှိခြင်းနှင့် ရေရှည်တည်တံ့ခြင်းတို့ကို ရရှိစေနိုင်မည်ဖြစ်ပါသည်။ ယုံကြည်စိတ်ချရမှုတိုးမြှင့်ခြင်းသည် အုပ်ချုပ်ရေးအဆောက်အအုံ၏ လုပ်ဆောင်မှုကိုထိရောက်မှုရှိစေသည်။ ဤနည်းဖြင့် အုပ်ချုပ်ရေးအရည်အသွေးကို တိုးတက်လာစေသည်။ ပြည်သူလူထုက ပြည်သူ့ဝန်ထမ်းများအားပြည်သူ့အကျိုးစီးပွားအတွက် တရားမျှတစွာ ဆောင်ရွက်ပေးလိမ့်မည်၊ပြည်သူလူထု၏ အရင်းအမြစ်များကို နေ့စဉ်ကောင်းမွန်မှန်ကန်စွာ စီမံဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်နေကြသည်။ မျှတ၍ အားကိုးအားထားပြုနိုင်သော ဝန်ထမ်းများ၊ ဂုဏ်သိက္ခာရှိသော မူဝါဒများနှင့် အခြေခံအဆောက်အအုံများသည်ပြည်သူလူထု၏ယုံကြည်စိတ်ချရမှုကိုဖြစ်စေပါသည်။တစ်ဘက်တွင်မူအကျင့်ပျက်ခြစားခြင်းသည်တစ်ဦးတစ်ယောက်၏ လုပ်ဆောင်ချက်ဟုသာ မရှုမြင်သင့်ဘဲ စနစ်တစ်ခု၏ ချို့ယွင်းချက်ရလဒ်တစ်ခု အဖြစ်လည်းရှုမြင်နိုင်ရပါမည်။ အားနည်းသောအုပ်ချုပ်ရေး၏ ညွှန်းမှတ်တစ်ခုဖြစ်နိုင်ပါသည်။ အများပြည်သူနှင့်ပတ်သက်သော ကိစ္စများတွင် အကျင့်ပျက်ခြစားမှုများသည် ပြည်သူလူထု၏ ယုံကြည်စိတ်ချနိုင်မှု ဆုံးဖြတ်ချက်ကို အလွန်ဆိုးဝါးစွာထိခိုက်စေပါသည်။

အစိုးရအပေါ် ယုံကြည်စိတ်ချရမှု ဖြစ်ပေါ်စေရန် ကောင်းမွန်သော အုပ်ချုပ်ရေးအတွက် အရေးကြီးသည့် အစိတ်အပိုင်းများမှာ အများပြည်သူနှင့်သက်ဆိုင်သော အပိုင်း၏ စွမ်းရည်ရှိမှု၊ လက်အောက်သို့ အာဏာဖြန့်ခွဲမှုနှင့် ဒေသန္တရအုပ်ချုပ်ရေး၊ ရွေးကောက်ပွဲနှင့် လွှတ်တော်လုပ်ငန်းစဉ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့က လူထုအဖွဲ့အစည်းများနှင့်ချိတ်ဆက်လက်တွဲထားရှိမှု၊ အုပ်ချုပ်ရေး၌ တာဝန်ယူမှုနှင့် ထင်သာမြင်သာရှိမှု၊ ပဋိပက္ခစီမံခန့်ခွဲမှုနှင့် ပြန်လည်ထူထောင်မှုတို့ဖြစ်ပါသည်။